## Sum Insured 10,000,000 for 1 Monthly Premium

| Insured Age | Premium | | |
|---|---|---|---|
| | 5 Years | 7 Years | 10 Years |
| 10-27 | 159,000 | 109,000 | 72,000 |
| 28-33 | 160,000 | 109,000 | 72,000 |
| | 160,000 | 109,000 | 72,000 |
| | 160,000 | 109,000 | 72,000 |
| | 160,000 | 109,000 | 72,000 |
| | 160,000 | 109,000 | 72,000 |
| | 160,000 | 110,000 | 72,000 |
| 34-39 | 160,000 | 110,000 | 72,000 |
| | 160,000 | 110,000 | 73,000 |
| | 160,000 | 110,000 | 73,000 |
| | 160,000 | 110,000 | 73,000 |
| | 160,000 | 110,000 | 73,000 |
| | 160,000 | 110,000 | 73,000 |
| 40-44 | 161,000 | 110,000 | 73,000 |
| | 161,000 | 111,000 | 74,000 |
| | 161,000 | 111,000 | 74,000 |
| | 161,000 | 111,000 | 74,000 |
| | 161,000 | 111,000 | 74,000 |
| 45-47 | 162,000 | 112,000 | 75,000 |
| | 162,000 | 112,000 | 75,000 |
| | 162,000 | 112,000 | 76,000 |
| 48 | 163,000 | 113,000 | 76,000 |
| 49 | 163,000 | 113,000 | 77,000 |
| 50 | 163,000 | 114,000 | 77,000 |
| 51 | 164,000 | 114,000 | 78,000 |
| 52 | 164,000 | 115,000 | 78,000 |
| 53 | 165,000 | 115,000 | 79,000 |
| 54 | 165,000 | 116,000 | 80,000 |
| 55 | 166,000 | 117,000 | 81,000 |
| 56 | 167,000 | 118,000 | |
| 57 | 167,000 | 118,000 | |
| 58 | 168,000 | 118,000 | |
| 59 | 170,000 | 118,000 | |
| 60 | 171,000 | 118,000 | |

## Sum Insured 50,000,000 for 1 Monthly Premium

| Insured Age | Premium | | |
|---|---|---|---|
| | 5 Years | 7 Years | 10 Years |
| 10-27 | 795,000 | 545,000 | 360,000 |
| 28-33 | 800,000 | 545,000 | 360,000 |
| | 800,000 | 545,000 | 360,000 |
| | 800,000 | 545,000 | 360,000 |
| | 800,000 | 545,000 | 360,000 |
| | 800,000 | 545,000 | 360,000 |
| | 800,000 | 550,000 | 360,000 |
| 34-39 | 800,000 | 550,000 | 360,000 |
| | 800,000 | 550,000 | 365,000 |
| | 800,000 | 550,000 | 365,000 |
| | 800,000 | 550,000 | 365,000 |
| | 800,000 | 550,000 | 365,000 |
| | 800,000 | 550,000 | 365,000 |
| 40-44 | 805,000 | 550,000 | 365,000 |
| | 805,000 | 555,000 | 370,000 |
| | 805,000 | 555,000 | 370,000 |
| | 805,000 | 555,000 | 370,000 |
| | 805,000 | 555,000 | 370,000 |
| 45-47 | 810,000 | 560,000 | 375,000 |
| | 810,000 | 560,000 | 375,000 |
| | 810,000 | 560,000 | 380,000 |
| 48 | 815,000 | 565,000 | 380,000 |
| 49 | 815,000 | 565,000 | 385,000 |
| 50 | 815,000 | 570,000 | 390,000 |
| 51 | 820,000 | 570,000 | 390,000 |
| 52 | 820,000 | 575,000 | 390,000 |
| 53 | 825,000 | 575,000 | 395,000 |
| 54 | 825,000 | 580,000 | 400,000 |
| 55 | 830,000 | 585,000 | 405,000 |
| 56 | 835,000 | 590,000 | |
| 57 | 840,000 | 590,000 | |
| 58 | 845,000 | 600,000 | |
| 59 | 850,000 | | |
| 60 | 855,000 | | |

**AMI Life** ၏သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီသိရှိလိုပါက

www.amilifeassurance.com

AYA Myanmar Life Assurance

https://tinyurl.com/AMI-Life

AYA Myanmar Life Assurance

**AYA Myanmar Life Assurance Co., Ltd.**
Room (306), 3rd Floor, Novotel Yangon Max,
Pyay Road, Kamayut Township, Yangon, Myanmar

099 400 77 773
info@amilifeassurance.com
www.amilifeassurance.com



# Short Term Endowment Life Insurance

## နှစ်တိုငွေပင်ငွေရင်း အသက်အာမခံ

AMI Life
အသက်အာမခံ



- **ဘာဖြစ်လို့ ငွေစုသင့်တာလဲ။**

လူ့ဘဝတစ်လျှောက် အသက်အရွယ်အပိုင်းအခြားမရွေး၊ ရည်ရွယ်ချက် အမျိုးမျိုးထားပြီးတော့ ပုံစံအမျိုးမျိုးနဲ့ ငွေစုဆောင်းကြပါတယ်။ ငွေစုဆောင်းတဲ့နေရာမှာ ငွေစုဆောင်းတဲ့ပုံစံအပေါ်မှာမူတည်ပြီး၊ ငွေအတိုး ရရှိမှုနဲ့ စုဆောင်းမှုပုံစံကွာခြားမှုတွေရှိပါတယ်။ သင့်စုငွေအတွက် လုံခြုံမှုပေးပြီး၊ ရည်ရွယ်ထားသည့်ကာလအတွင်း သတ်မှတ်ထားသည့်စုငွေပမာဏကို စုနိုင်သည့်အပြင်၊ အသက်အာမခံအကာအကွယ်ပါ ရရှိသည့် AMI Life ရဲ့ နှစ်တိုငွေပင်ငွေရင်းအာမခံဖြင့်လည်း ငွေစုဆောင်းမှု ဆောင်ရွက်နိုင်ပါတယ်။

- **ဘာဖြစ်လို့ AMI Life ရဲ့ နှစ်တိုငွေပင်ငွေရင်း အသက်အာမခံကို ဝယ်ယူသင့်တာလဲ။**

### အသက်အာမခံအကာအကွယ်ရရှိခြင်း

ငွေစုဆောင်းနေစဉ် အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့ရည်မှန်းထားတဲ့ အချိန်ကာလတစ်ခုမရောက်မီ မမျှော်လင့်တဲ့ ကံကြမ္မာဆိုးများ ဝင်လာတတ်ပါတယ်။ AMI Life ရဲ့ နှစ်တိုငွေပင်ငွေရင်းအသက်အာမခံကတော့ ငွေစုဆောင်းနေစဉ်အတွင်းမှာ အသက်အာမခံအကာအကွယ်ပေးထားသည့်အပြင်၊ စုဆောင်းကာလပြည့်ပြီးချိန်မှာလည်း ၎င်းတို့ရည်မှန်းထားတဲ့ ငွေစုဆောင်းပမာဏကိုပါ အကျိုးခံစားခွင့် ရရှိစေနိုင်မှာဖြစ်ပါတယ်။

### အကျိုးခံစားခွင့်များ

(၁) နှစ်စေ့အကျိုးခံစားခွင့်
(၂) သေဆုံးမှုအကျိုးခံစားခွင့်
(၃) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်
(၄) စာရင်းပိတ်သိမ်းအကျိုးခံစားခွင့်
(၅) အမ်းငွေထုတ်ယူခြင်းအကျိုးခံစားခွင့်
(၆) ချေးငွေ ထုတ်ယူခြင်း အကျိုးခံစားခွင့်
(၇) ဝင်ငွေခွန်သက်သာခြင်း

## နှစ်တိုငွေပင်ငွေရင်း အသက်အာမခံဝယ်ယူရရှိသူများ

- **အာမခံထားနိုင်သူများ**

နှစ်တိုငွေပင်ငွေရင်းအသက်အာမခံကို အသက် (၁၀) နှစ်မှ (၆၀) နှစ် အထိ မည်သူမဆို ဝယ်ယူစုဆောင်းနိုင်ပါသည်။

- **အာမခံသက်တမ်း**

မိမိတို့ငွေစုဆောင်းလိုသော အာမခံသက်တမ်းအလိုက် (၅) နှစ်၊ (၇) နှစ်၊ (၁၀) နှစ် သက်တမ်းများကို ရွေးချယ်စုဆောင်းနိုင်ပါသည်။

- **အာမခံထားနိုင်သည့်ဦးရေ**

ပေါ်လစီတစ်စောင်တွင် အာမခံထားသူ (၁) ဦး ဝယ်ယူစုဆောင်းနိုင်ပါသည်။

## နှစ်တိုငွေပင်ငွေရင်း အသက်အာမခံရယူမှုပုံစံ

- **အကာအကွယ်များ**

နှစ်တိုငွေပင်ငွေရင်းအသက်အာမခံသည် ငွေစုဆောင်းနေစဉ်ကာလအတွင်း မမျှော်လင့်သော ဖြစ်ရပ်များကြောင့် အသက်သေဆုံးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းများ ဖြစ်ပေါ်ခဲ့သော် ၎င်းတို့ စုဆောင်းသည့် အာမခံထားငွေအားအပြည့်အဝ ပြန်လည်ထုတ်ပေးပါသည်။

- **ရွေးချယ်နိုင်သည့်အာမခံထားငွေ**

နှစ်တိုငွေပင်ငွေရင်းအသက်အာမခံဖြင့် အနည်းဆုံး ကျပ် (၁၀) သိန်း မှ အများဆုံး ကျပ် သိန်း (၅၀၀) အထိ ငွေစုဆောင်းနိုင်ပါသည်။

## ငွေစုဆောင်းပုံ

မိမိတို့၏ ငွေစုဆောင်းပုံသက်တမ်းအလိုက် ရွေးချယ်စုဆောင်းနိုင်ပါသည်။

**ဥပမာ (၁) -** ကိုမင်းဦးသည် နောက်မွေးနေ့တွင် အသက် (၂၄) နှစ် ပြည့် မည်ဖြစ်ပြီး၊ နောက် (၇) နှစ်တွင် ဘွဲ့လွန်ပညာရပ် တစ်ခုခုဆက်လက် သင်ကြားရန် ဆန္ဒရှိသည်။ ထိုအတွက် ပညာသင်စရိတ်အဖြစ် ကျပ် သိန်း (၅၀) ခန့်ကုန်ကျမည်ဖြစ်သည်။ ထို့ကြောင့် ၎င်းသည်အဆိုပါပညာသင်စရိတ်အတွက် ငွေစုဆောင်းနိုင်ရန် အတိုးရသည့် အပြင်၊ အသက် အာမခံ အကာအကွယ်ပါရရှိသော နှစ်တိုငွေပင်ငွေရင်း အသက် အာမခံအား ရွေးချယ်ပြီး၊ လစဉ် ကျပ် (၅၄,၅၀၀) တိတိ ပေးသွင်းပြီး၊ (၇)နှစ်ပြည့်သည့်အခါ ကိုမင်းဦးသည် ၎င်းရည်ရွယ်ထားသည့် ကျပ်သိန်း (၅၀)အား စုငွေအဖြစ်ရရှိမည်ဖြစ်ပြီး ၎င်းရည်ရွယ်ချက် ပြည့်မီသည့်အတွက် ဘွဲ့လွန် ပညာရပ်များ ဆက်လက် သင်ကြားသွားနိုင်မည်ဖြစ်သည်။ ကိုမင်းဦး စုစုပေါင်း ပေးသွင်းလိုက်ရသော ပရီမီယံပမာဏမှာ (၄,၅၇၈,၀၀၀) တိတိသာဖြစ်သည်။

## ရရှိနိုင်သည့် အဓိက အကျိုးခံစားခွင့်များ

- **(၁) နှစ်စေ့အကျိုးခံစားခွင့်**

ပုံမှန်စုဆောင်းထားသော စုငွေများအား စုဆောင်းကာလပြည့်သည့်အခါတွင် ပြန်လည်ထုတ်ပေးခြင်း။

- **(၂) သေဆုံးအကျိုးခံစားခွင့်**

ငွေစုဆောင်းနေသည့်ကာလအတွင်း မတော်တဆဖြစ်ရပ်များကြောင့် အာမခံထားသူအသက်သေဆုံးသည့်အခါတွင် အာမခံထားငွေအား အပြည့်ပြန်လည်ထုတ်ပေးခြင်း။

- **(၃) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်**

ငွေစုဆောင်းနေသည့်ကာလအတွင်း မတော်တဆဖြစ်ရပ်များကြောင့် အာမခံထားသူထာဝစဉ်မသန်စွမ်းဖြစ်သွားသည့်အခါတွင် အာမခံထားငွေအား အပြည့်ပြန်လည်ထုတ်ပေးခြင်း။

- **(၄) စာရင်းပိတ်သိမ်းအကျိုးခံစားခွင့်**

ငွေစုဆောင်းနေသည့်ကာလအတွင်း စုဆောင်းချိန် (၁) နှစ်ကျော်ကြာပြီးသောပေါ်လစီများတွင် အကြောင်းအမျိုးမျိုးကြောင့်ပေါ်လစီရှင်မှ ငွေဆက်လက်စုဆောင်းလိုခြင်းမရှိသည့်အခါတွင် ၎င်းတို့ပေးသွင်းပြီးသော စုဆောင်းငွေပမာဏနှင့် စာရင်းပိတ်သိမ်းနိုင်ပြီး၊ ယင်းငွေပမာဏနှင့် အတိုးပါစုစုပေါင်းပမာဏအား ပေါ်လစီသက်တမ်းပြည့်သည့်အချိန်တွင် ပြန်လည်ထုတ်ပေးခြင်း။

- **(၅) အမ်းငွေထုတ်ယူခြင်းအကျိုးခံစားခွင့်**

ငွေစုဆောင်းနေသည့်ကာလအတွင်း စုဆောင်းချိန် (၁) နှစ်ကျော်ကြာပြီး သောပေါ်လစီများတွင် အကြောင်းအမျိုးမျိုးကြောင့် ပေါ်လစီရှင်မှ ၎င်းတို့ ပေးသွင်းထားသော စုဆောင်းငွေများအား အမ်းငွေပြန်လည်လျှောက်ထား ထုတ်ယူနိုင်ခြင်း။

- **(၆) ချေးငွေထုတ်ခြင်း**

ငွေစုဆောင်းနေစဉ်ကာလအတွင်း စုဆောင်းချိန် (၁) နှစ်ကျော်ကြာပြီးသော ပေါ်လစီများတွင် ပေါ်လစီရှင်မှ ချေးငွေပြန်လည်ရယူလိုပါက ၎င်းတို့ပေးသွင်းထားသော ပေါ်လစီ၏အချိန်ကာလအလိုက် ချေးငွေပြန်လည် ရယူနိုင်ပါသည်။

- **(၇) ဝင်ငွေခွန်သက်သာခြင်း**

အာမခံပေါ်လစီရှင်မှ ပုံမှန်ပေးသွင်းနေသော ပရီမီယံများအပေါ်တွင် ဝန်ငွေခွန်သက်သာခွင့်ရရှိခြင်း



## နှစ်တိုငွေပင်ငွေရင်းအသက်အာမခံဖြင့် ငွေစုဆောင်းခြင်း၏ အကျိုးကျေးဇူးများ

- **(၁) ပုံမှန်ငွေစုဆောင်းသည့်အလေ့အထတစ်ခု ရရှိစေနိုင်ခြင်း၊**

ရည်ရွယ်ချက်များပြည့်မြောက်အောင်မြင်ရေးအတွက်၊ ပုံမှန်ငွေစုဆောင်း နိုင်သည့် အလေ့အထတစ်ခုရရှိခြင်း

- **(၂) အတိုးနှုန်းခံစားခွင့်နှင့် စုဆောင်းငွေကိုပါ နှစ်စေ့တွင်ပြန်လည်ထုတ်ယူနိုင်ခြင်း၊**

မိမိတို့စုဆောင်းထားသော ငွေမှ အတိုးနှုန်းခံစားခွင့်၊ အာမခံအကာအ ကွယ်ခံစားခွင့်များအပြင်၊ သက်တမ်းစေ့သည့်အခါ အပြည့်အဝပြန်လည် ထုတ်ယူနိုင်ခြင်း၊

- **(၃) ရည်ရွယ်ချက်ပြည့်မီအောင်ငွေစုဆောင်းမှုကိုသာ အပြည့်အဝ အာရုံစိုက်နိုင်ခြင်း၊**

အာမခံထားသူများသည် အာမခံသက်တမ်းအတွင်း မိမိတို့၏ငွေစု ဆောင်းမှု ရည်ရွယ်ချက်များကိုသာ အလေးထားငွေစုဆောင်းပြီး၊အာမခံအကာအကွယ်ပေးနိုင်မှု နှင့် အကျိုးခံစားခွင့်များထုတ်ပေးနိုင်မှုအား AMI Life မှ တာဝန်ယူဆောင်ရွက်ပေးခြင်း

### ပရီမီယံတွက်ချက်ပုံ

ပရီမီယံတွက်ချက်မှုအား အာမခံထားသူ၏ အသက်နှင့် ၎င်းတို့ စုဆောင်းလိုသော ငွေကြေးပမာဏ၊ စုဆောင်းလိုသည့်အချိန်ကာလအပိုင်းအခြားအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။

### ပရီမီယံပေးသွင်းမှုအစီအစဉ်

ပေါ်လစီများအတွက် (၁)လတစ်ကြိမ်ဖြစ်စေ၊ (၃)လတစ်ကြိမ်ဖြစ်စေ၊ (၆)လတစ်ကြိမ်ဖြစ်စေ၊ (၁)နှစ်တစ်ကြိမ်ဖြစ်စေ နှစ်သက်သလိုရွေးချယ်ပေးသွင်းနိုင်ပါသည်။

### လျော်ကြေးတောင်းခံခြင်း

လူကြီးမင်းအနေဖြင့် အာမခံအကျိုးခံစားခွင့် လျှောက်ထားရာတွင် AMI Life Claims Hotline (+959 940 077 773 Ext: 3(2)) (သို့) သက် ဆိုင်ရာအရောင်းကိုယ်စားလှယ်မှတစ်ဆင့် (သို့) AMI Life Assurance Website ရှိ E-Claims မှတစ်ဆင့် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။